**လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ (ဌာနချုပ်)**

**DEMOCRATIC PARTY FOR A NEW SOCIETY (H.Q)**

## အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ‘အထူးကြေညာချက် ( ၁/၀၂/၀၈)’ နှင့် ပတ်သက်၍
## လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ၏
## သဘောထားခံယူချက်

၁။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ‘အထူးကြေညာချက် ( ၁/၀၂/၀၈)’ကို ကျွန်တော်တို့ပါတီက ကြိုဆိုပါသည်။

၂။ ထို ‘အထူးကြေညာချက် ( ၁/၀၂/၀၈)’ ၏ သဘောထားအနှစ်ချုပ်မှာ –

ကြေညာချက်အမှတ် (၁/၂၀၀၈ နှင့် ၂/၂၀၀၈ ) တို့သည် (နအဖ) စစ်အစိုးရ၏ တစ်ဖက်သတ် ဆောင်ရွက်ချက်သာဖြစ်သည်။ ထိုကြေညာချက်များကို တစ်ဖက်သတ် အကောင်အထည်ဖော်သည့်အတွက် တိုင်းပြည်တွင်ဖြစ်ပေါ်လာမည့် (နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး) စသော အကျိုးဆက်များသည် (နအဖ) စစ်အစိုးရ၏ တာဝန်သာဖြစ်သည်ဟုလည်း တိကျရှင်းလင်းစွာဝေဖန်ထောက်ပြထားပါသည်။

၃။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ‘အထူးကြေညာချက် ( ၁/၀၂/၀၈)’တွင် –

- – ၁၉၉၀ ပြည့်ရွေးကောက်ပွဲရလဒ်
- – (နဝတ – နအဖ) စစ်အစိုးရကိုယ်တိုင် ထုတ်ပြန်ပြဋ္ဌာန်းထားသည့် တည်ဆဲဥပဒေများ၊ ကြေညာချက်များ၊
- – (နဝတ – နအဖ) စစ်စိုးရ ထိပ်တန်းတာဝန်ရှိ ပုဂ္ဂိုလ်များက ရဟန်းရှင်လူပြည်သူများထံ ပြောကြားပေးအပ်ထားသည့် ကတိကဝတ်များ၊
- – တွေ့ဆုံဆွေးနွေးရေးနှင့် မြန်မာ့နိုင်ငံရေးဖြစ်စဉ်အရပ်ရပ်တွင် နိုင်ငံရေးအင်အားစုအားလုံး ပါဝင်နိုင်ရေးအပါအဝင် ကမ္ဘာ့ကုလသမဂ္ဂ၏ ဆုံးဖြတ်ချက်၊ အကြံပြုချက်၊ တိုက်တွန်းချက်
  စသော အချက်အလက်များဖြင့် ပြည့်စုံစွာ ထောက်ပြထားပါသည်။

၄။ ကြေညာချက်၏ အနှစ်ချုပ်သဘောကို ကျွန်တော်တို့ပါတီက ယခုလိုနားလည်သဘောပေါက်ပါသည်။

- – ဖေဖော်ဝါရီလ ၉ ရက်နေ့ကထုတ်ပြန်ခဲ့သော (နအဖ) စစ်အစိုးရ၏ ကြေညာချက် ၂ ရပ် (၁/၂၀၀၈ နှင့် ၂/၂၀၀၈) တို့သည် ၁၉၉၀ ပြည့်ရွေးကောက်ပွဲရလဒ်ကို လစ်လျူရှုခြင်းဖြစ်သည်။
- – (နဝတ – နအဖ) စစ်အစိုးရ ကိုယ်တိုင်ထုတ်ပြန်ပြဋ္ဌာန်းထားသည့် တည်ဆဲဥပဒေများ၊ ကြေညာချက်များနှင့် ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်ကွဲလွဲနေသည်။
- – ညောင်နှစ်ပင်ညီလာခံက ရေးဆွဲချမှတ်ခဲ့သည့် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးဆိုင်ရာ အခြေခံမူများ၊ အသေးစိတ်အခြေခံရမည့်မူများသည် ပြည်သူလူထုက ရွေးချယ်တင်မြှောက်ထားသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကို ကိုယ်စားပြုခြင်းမရှိ။
- – ယခု ၅၄ ဦးကော်မရှင်ကရေးဆွဲနေသည့် အခြေခံဥပဒေမူကြမ်းဆိုသည်မှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၁ ရာခိုင်နှုန်းသာတက်ရောက်ခဲ့သည့် ညီလာခံကချမှတ်ခဲ့သည့် အခြေခံမူများကို မူတည်၍ရေးဆွဲနေခြင်းဖြစ်သည်။
- – ဥပဒေအမှတ် (၅/၉၆) ဖြင့် ပြည်သူများ၊ နိုင်ငံရေးပါတီများ၏ လွတ်လပ်စွာလှုပ်ရှားဆောင်ရွက်ခွင့်များကို ပိတ်ပင်ထားသည်။ သို့အတွက် ထိုဥပဒေ အတည်ဖြစ်နေပါက လွတ်လပ်၍တရားမျှတသော ပြည်သူ့ဆန္ဒခံယူပွဲမဖြစ်နိုင်။
- – ၁၉၉၀ ပြည့်ရွေးကောက်ပွဲရလဒ်ကို လစ်လျူရှုခြင်းသည် ပြည်သူလူထု၏ တခဲနက်သော ဆန္ဒကိုငြင်းပယ်ခြင်းဖြစ်သည်။ ဒီမိုကရေစီနှင့်လူ့အခွင့်အရေးကို ချိုးဖောက်ခြင်းဖြစ်သည်။

၅။ ထိုသို့နားလည်သဘောပေါက်သဖြင့် ပြည်သူများ၊ ပြည်တွင်းပြည်ပရှိနိုင်ငံရေးပါတီအဖွဲ့အစည်းများ၊ နိုင်ငံရေးတက်ကြွလှုပ်ရှားသူများအနေဖြင့် အောက်ပါအတိုင်းဆောင်ရွက်ရမည်ဟု ကောက်ချက်ဆွဲပါသည်။

P.O box 50, Mae Sot, Tak Province, 63110 Thailand, Tel: 055 546 691, Fax: 055 546 691

– ပြည်သူလူထုကလုပ်ပိုင်ခွင့်အာဏာ (Mandate) အပ်နှင်းထားသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ မပါဝင်ပဲ ရေးဆွဲချပြလာမည့် အခြေခံဥပဒေ(မူကြမ်း)ကို ပြတ်ပြတ်သားသား ဆန့်ကျင်ကန့်ကွက် သွားကြရန်ဖြစ်ပါသည်။ ယင်းလုပ်ငန်းတာဝန်ကို ကျွန်တော်တို့ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ က အတက်ကြွဆုံးပါဝင်ဆောင်ရွက်ပါမည်။

၆။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် တရားဝင်ပါတီတစ်ရပ်၊ ၁၉၉၀ ပြည့်ရွေးကောက်ပွဲတွင် ပြည်သူလူထုက တခဲနက် ရွေးချယ်ထားသည့် ပါတီတစ်ရပ်၊ ပြည်သူလူထုကလုပ်ပိုင်ခွင့်အာဏာ (Mandate) အပ်နှင်းထားသည့် ပါတီတရပ်ဖြစ်ပါသည်။ ထိုသို့သော ပါတီတစ်ရပ် အနေဖြင့် တတိုင်းတပြည်လုံးနှင့်ဆိုင်သော ကိစ္စရပ်များတွင် ယခုကဲ့သို့ ပြည်သူလူထုထံ တင်ပြအစီအရင်ခံရန်၊ တိုက်တွန်း နှိုးဆော်ရန် တာဝန်ရှိပါသည်။

ဗဟိုကော်မတီ
လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ
၂၀၀၈ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၉) ရက် ။

ဆက်သွယ်ရန် –
ကိုခင်မောင်တင့် (အထွေထွေအတွင်းရေးမှူး) ၀၈၉ ၅၅၄ ၄ ၆၅၈
ကိုငွေလင်း (တွဲဖက်အထွေထွေအတွင်းရေးမှူး) ၀၈၁ ၄၇၅ ၉ ၂၂၃

P.O box 50, Mae Sot, Tak Province, 63110 Thailand, Tel: 055 546 691, Fax: 055 546 691